## People's Defence Force (Kalay)

---

# တိုက်ပွဲအခြေအနေထုတ်ပြန်ချက်

နိုဝင်ဘာလ ၁၆ ရက်၊ ၂၀၂၁

ယနေ့နံနက် ၈ နာရီခွဲအချိန်ခန့်တွင် ကလေးမြို့နယ်အနောက်တောင်ပိုင်း နယ်မြေနေရာတစ်ခုရှိ တပ်ဖွဲ့ဝင်ဦးရေ ၂၀ ကျော် စခန်းချနေထိုင်သည့် PDF (Kalay) တပ်ရင်း ၃ အောက်မှ တပ်ခွဲတစ်ခု၏ စခန်းတစ်ခုကို လူသတ်အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ ဝင်ရောက်သိမ်းပိုက်သွားခဲ့ပြီး စခန်းရှိတပ်ဖွဲ့ဝင် ၁၀ ဦး (အမျိုးသား ၂ ဦး နှင့် အမျိုးသမီး ၈ ဦး)ကို ဖမ်းဆီးသွားခဲ့ပါသည်။ အဖမ်းဆီးခံရသူအများစုမှာ တပ်ရင်း ၃ Medical Team အဖွဲ့ဝင်များဖြစ်ပါသည်။

ယနေ့မွန်းလွဲပိုင်းမှစ၍ ကလေးမြို့နယ်အနောက်တောင်ပိုင်း နယ်မြေတဝိုက်တွင် ရှားတော၊ မြို့ကြီးကုန်း၊ မြို့လှစသည့် နေရာအသီးသီးမှ စစ်ကြောင်းများခွဲတက်လာသည့် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များနှင့် PDF (Kalay) ၊ CNDF ၊ CDF (KKG) နှင့် ရပ်ရွာ ပ.က.ဖ အဖွဲ့များပါဝင်သည့် ပူးပေါင်းတပ်ဖွဲ့များ ညနေ ၆ နာရီခွဲအချိန်ခန့်ထိ အပြန်အလှန်ပစ်ခတ်ခဲ့ကြပြီး တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ မြို့လှရပ်ကွက်ဘက်မှ စစ်ကူတက်လာသည့် စစ်ကောင်စီစစ်ကြောင်းကို PDF (Kalay) တပ်ဖွဲ့များက မိုင်းဆွဲပြီး ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် ကလေးမြို့နယ် ၊ တာဟန်းရပ်ကွက်ရှိ တာဟန်းရဲစခန်းကိုလည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် သွားရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ယနေ့အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုတိုက်ပွဲအတွင်း မိမိတို့ ပူးပေါင်းတပ်ဖွဲ့များဘက်မှ အထိအခိုက်မရှိခဲ့ပါ။ အကြမ်းဖက်စစ်ကောင်စီတပ်များဘက်မှ ထိခိုက်သေဆုံးမှုကို အတည်မပြုနိုင်သေးပါ။

ယနေ့ညနေပိုင်းအထိ သတင်းအရ စခန်းသိမ်းအဖမ်းဆီးခံရသူများထဲမှ အမျိုးသား ၂ ဦးကို အကြမ်းစစ်ကောင်စီ စစ်သားများက သတ်ဖြတ်လိုက်ကြောင်း သတင်းအချို့ရရှိသော်လည်း အတည်ပြုနိုင်ခြင်း မရှိသေးပါ။